စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့် သီးနှံကာကွယ်ရေးသုတေသနဌာနခွဲ

# အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်
# နှင့်
# အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ/ လုပ်ထုံးလုပ်နည်းများအကြောင်း သိကောင်းစရာများ





ဒေါ်ခင်စန္ဒာချို
လက်ထောက်သုတေသနအရာရှိ
အပင်မျိုးသစ်အကာအကွယ်ပေးရေးဌာနစု

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်

# ဆွေးနွေးမည့် အကြောင်းအရာ

၁။ မြန်မာနိုင်ငံတွင် အပင်မျိုးသစ်များ မွေးမြူထုတ်လုပ်မှုအခြေအနေ

၂။ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်နှင့် အကျိုးကျေးဇူးများ

၃။ UPOV နှင့် EAPVP တို့အား မိတ်ဆက်ခြင်း

၄။ မြန်မာနိုင်ငံ၏ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် သမိုင်းကြောင်း

၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (PVP Law) နှင့် လုပ်ထုံးလုပ်နည်းများအကြောင်းဆွေးနွေးခြင်း

၆။ PVP Law နှင့် ဆက်စပ်ဥပဒေများ

# ၁။ မြန်မာနိုင်ငံတွင် အပင်မျိုးသစ်များ မွေးမြူထုတ်လုပ်မှုအခြေအနေ

## အပင်မျိုးသစ်များမွေးမြူထုတ်လုပ်ခြင်း

အစိုးရကဏ္ဍ → DAR, DOA & YAU → အပင်မျိုးသစ်များ

ပုဂ္ဂလိက ကဏ္ဍ → အပင်မျိုးမွေးမြူ
သည့် ကုမ္ပဏီ
(မရှိသလောက်ရှားပါး) → အပင်မျိုးသစ်များ

- ❑ ကုမ္ပဏီ အများစုသည် ပြည်ပမှ မျိုးစေ့နှင့် သွင်းအားစုများတင်သွင်းဖြန့်ဖြူး
- ❑ အကြောင်းရင်း- ခိုင်မာသည့် အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်မရှိသောကြောင့်



Source: Pathways for Developing the Seed Sector of Myanmar: A Scoping Study (2015)

## ၂။ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်နှင့် အကျိုးကျေးဇူးများ

# အပင်မျိုးသစ်အကာကွယ်ပေးရေးစနစ်ဆိုသည်မှာ



- ❑ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်ဆိုသည်မှာ အပင်မျိုးမွေးမြူသူမှ မိမိ မွေးမြူထုတ်လုပ်ထားသည့် အပင်မျိုးသစ်များကို အပင်မျိုးသစ်အကာအကွယ် ပေးရေးဥပဒေအောက်တွင် ကာကွယ်ခွင့်ရယူပြီး အကျိုးအမြတ်ခံစားခွင့်ရရှိရန် ထိန်းသိမ်းပေးသည့် စနစ်ဖြစ်ပါသည်။




# အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး

- ❑ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ဆိုသည်မှာ အပင်မျိုးမွေးမြူသူမှ မိမိမွေးမြူထုတ်လုပ်ထားသည့် အပင်မျိုးသစ်ကို ကာကွယ်ခွင့် ရရှိထားခြင်း မှတဆင့် အကျိုးအမြတ်ခံစားခွင့် ရနိုင်သည့် ရပိုင်ခွင့် အခွင့်အရေးဖြစ်ပါသည်။




(Images source: Internet)

# အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်-ဘာကြောင့်အရေးကြီး???




(Images source: Internet)

# ၂။ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်နှင့် အကျိုးကျေးဇူးများ

**အပင်မျိုးမွေးမြူသူများ**

- အပင်မျိုးမွေးမြူသူ အမျိုးမျိုးပေါ်ပေါက်လာနိုင်
- အပင်မျိုးမွေးမြူသူအရေအတွက်များလာနိုင်
- အပင်မျိုးမွေးမြူခြင်းတွင်ရင်းနှီးမြှုပ်နှံမှုများလာနိုင်

**အပင်မျိုးသစ်များ**

- မျိုးကောင်းများ၊ ပြောင်းလဲရာသီနဲ့ လိုက်လျောညီထွေရှိသောမျိုးများ
- ရောဂါပိုးမွှားဒဏ် ခံနိုင်ရည်ရှိသောမျိုးများ၊ မျိုးသစ်မျိုးဆန်းများရရှိ

**စိုက်ပျိုးသူတောင်သူများ**


- အထွက်ကောင်း၊ အကျိုးအမြတ်ရှိ၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိသောမျိုးများ
- ပြောင်းလဲရာသီနှင့်လိုက်လျောညီထွေရှိသောမျိုးများ
- အရည်အသွေးကောင်းမျိုးများ
- ရွေးချယ်စရာမျိုးသစ်များစွာရရှိလာနိုင်၊ ဈေးကွက်အသစ်များရရှိလာနိုင်......

**စားသုံးသူများ**

- အစားအစာအတွက် ကုန်ကျစရိတ်လျှော့ချနိုင်၊
- အာဟာရပြည့်ဝသော၊ အရသာကောင်းသော ထုတ်ကုန်များရွေးချယ်သုံးစွဲလာနိုင်
- သိုလှောင်ထိန်းသိမ်းမှုအရည်အသွေးကောင်းလာနိုင်
- ထုတ်ကုန်ပစ္စည်းများ အမျိုးမျိုးကိုရွေးချယ်ရရှိလာနိုင်


Source: UPOV Office Member & Website

# ၂။ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်နှင့် အကျိုးကျေးဇူးများ




Source: UPOV Office Member & Website

# ၂။ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်နှင့် အကျိုးကျေးဇူးများ




Source: UPOV Office Member & Website

UPOV

## ၃။ UPOV နှင့် EAPVP တို့အားမိတ်ဆက်ခြင်း

အပြည်ပြည်ဆိုင်ရာအပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့


- ❑ The International Convention for the Protection of New Varieties of Plants established in 1961
- ❑ The International Union for the Protection of New Varieties of Plants (UPOV)

### UPOV MISSION STATEMENT

"To provide and promote an effective system of plant variety protection, with the aim of encouraging the development of new varieties of plants, for the benefit of society"

Source: UPOV Office Member & Website

# UPOV အဖွဲ့ဝင်- ၇၉ (၂-၂-၂၀၂၄)




## UPOV members (Asia)

1. Armenia
2. Azerbaijan
3. China (EAPVPF)
4. Georgia
5. Israel
6. Japan (EAPVPF)
7. Jordan
8. Kyrgyzstan
9. Oman
10. Republic of Korea (EAPVPF)
11. Russian Federation
12. Singapore (EAPVPF)
13. Uzbekistan
14. Viet Nam (EAPVPF)

Source: UPOV Office Member & Website

# မြန်မာနိုင်ငံအနေဖြင့် UPOV အဖွဲ့ဝင်ဖြစ်ရေးအတွက် ဆောင်ရွက်ထားရှိမှု



UPOV showed positive decision on Myanmar PVP law at 53rd council meeting, 1st Nov: 2019, Geneva, Switzerland

- ❑ ဝန်ကြီးရုံးသို့ တင်ပြထားပြီးဖြစ်
- ❑ ပြည်တွင်းလုပ်ငန်းစဉ်များ (ဆိုင်းငံ့ထားဆဲ)

# ၃။ UPOV နှင့် EAPVP တို့အားမိတ်ဆက်ခြင်း

## East Asia Plant Variety Protection Forum (EAPVP Forum)

## အရှေ့အာရှအပင်မျိုးသစ်အကာအကွယ်ပေးရေးဖိုရမ်

- ❑ **စတင်ဖွဲ့စည်းသည့်ခုနှစ်** -၂၀၀၇ ခုနှစ်
- ❑ **အဖွဲ့ဝင်နိုင်ငံပေါင်း**- ၁၃ နိုင်ငံ (အာစီယံ +၃)

EAPVP Forum

The East Asia Plant Variety Protection Forum


## အဖွဲ့၏ရည်ရွယ်ချက်

- ❖ UPOV Conventionနှင့် လိုက်လျောညီထွေရှိသော ခိုင်မာသည့် အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် ပေါ်ပေါက်လာစေရန်၊
- ❖ အဖွဲ့ဝင်နိုင်ငံများအကြား **အရှေ့အာရှဒေသတွင်း** အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်ဆိုင်ရာ လုပ်ငန်းများ **ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက် ကောင်းမွန်လာစေရန်**၊
- ❖ အဖွဲ့ဝင်နိုင်ငံများတွင် အပင်မျိုးသစ်လျှောက်ထားခြင်းနှင့် **စစ်ဆေးခြင်း**ဆိုင်ရာ လုပ်ငန်းစဉ်များ **တစ်ပြေးညီဖြစ်စေရန်**



Source: EAPVP Forum Website

# ၅။ မြန်မာနိုင်ငံ၏ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် သမိုင်းကြောင်း


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

The Republic of the Union of Myanmar

အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

New Plant Variety Protection Law

၂၀၁၉ ခုနှစ်

PVP System အသိပညာပေးခြင်းဆိုင်ရာ အစပြုလှုပ်ရှားမှုများ

မူပိုင်ခွင့်နှင့် ပတ်သက်၍ သတိပြုမိလာခဲ့

- ၁၉၉၄ - ၁၉၉၅: CBD/ WTO အဖွဲ့ဝင်ဖြစ်ခဲ့
- ၂၀၀၄: UPOV- INGER Workshop ပါဝင်တက်ရောက်
- ၂၀၀၆: DUS test (INGER) စတင်ဆောင်ရွက်လာခဲ့
- ၂၀၀၇: EAPVP Forum အဖွဲ့ဝင်ဖြစ်ခဲ့
- ၂၀၁၀ - ၂၀၁၁: PVP Law ရေဆွဲရေးအဖွဲ့ (WG)ဖွဲ့ခဲ့

PVP Law ပြဋ္ဌာန်းခဲ့
၂၀-၁-၂၀၁၆ နှင့်
၂၄-၉-၂၀၁၉
(ဥပဒေအသစ်)

# ၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ

- ❑ <u>အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ</u>ကို ၂၄-၉-၂၀၁၉ နေ့
- ❑ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၂၉ ဖြင့်ပြဋ္ဌာန်းခဲ့
    - အခန်း(၁၁)
    - ပုဒ်မ ( ၄၇) ပါရှိ



- ❑ <u>အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ</u>ကို ၂၄-၉-၂၀၂၁ နေ့
- ❑ အမိန့်ကြော်ငြာစာအမှတ်၊ ၂၈၇ /၂၀၂၁ဖြင့် ထုတ်ပြန်ခဲ့
    - အခန်း(၆)
    - အပိုဒ် (၁၇) ပါရှိ



## ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ


| အခန်း | အကြောင်းအရာ | ပုဒ်မ |
|---|---|---|
| ၁။ | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ - ၂ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | ဗဟိုကော်မတီဖွဲ့စည်းခြင်း | ၄ |
| ၄။ | ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၅ - ၆ |
| ၅။ | အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ | ၇ - ၁၃ |
| ၆။ | အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း | ၁၄ - ၂၂ |
| ၇။ | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး | ၂၃ - ၃၂ |
| ၈။ | အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း | ၃၃ - ၃၆ |
| ၉။ | အယူခံဝင်ခြင်း | ၃၇ |
| ၁၀။ | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၃၈ |
| ၁၁။ | အထွေထွေ | ၃၉ - ၄၇ |

# ၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

**အပင် (Plant) ဆိုသည်မှာ** အပင်လောကအတွင်းရှိ အဏုဇီဝ များအပါအဝင် မည်သည့် အပင်ကို မဆို ဆိုသည်။

**အပင်မျိုး (Plant Variety)** ဆိုသည်မှာ ဤဥပဒေအရ အပင်မျိုးသစ်အား အကာအကွယ်ပေးအပ်နိုင်သည့် အခြေအနေများနှင့် ကိုက်ညီသည်ဖြစ်စေ၊ မညီသည်ဖြစ်စေ ရုက္ခဗေဒ အပင်မျိုးခွဲဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိသော အပင်အုပ်စုတစ်ခုဟု သတ်မှတ်၍ အောက်ပါ အရည်အသွေးများနှင့် ပြည့်စုံသော အပင်မျိုးကို ဆိုလိုခြင်းဖြစ်သည်-

(၁) မူလပါရှိသည့် မျိုးဗီဇတစ်ခု သို့မဟုတ် မျိုးဗီဇအစုအဖွဲ့များပေါင်းစပ်ခြင်းကြောင့် သက်ဆိုင်ရာ သွင်ပြင်လက္ခဏာရပ်များ ဖော်ပြနိုင်သောမျိုး၊

(၂) အခြားအပင်အုပ်စုများနှင့် အနည်းဆုံးလက္ခဏာရပ် တစ်ခုခုတွင် ကွဲပြားခြားနားသောမျိုး၊

(၃) မျိုးပွားသည့်အခါ မျိုးဗီဇလက္ခဏာရပ်များ ပြောင်းလဲမှု မရှိဘဲ တည်ငြိမ်စွာ ဖော်ပြနိုင်သောမျိုး။ (ဥပဒေ ပုဒ်မ ၂)

## ၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

အပင်မျိုးသစ်ဆိုသည်မှာ (New Plant Variety) လက်ရှိအပင်မျိုးများနှင့် လက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာ ကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏ လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ ဤဥပဒေပုဒ်မ ၈ ပါအတိုင်း အပင်မျိုးအသစ် ဖြစ်ရန်နှင့်ပုဒ်မ ၁၂ နှင့် ၁၃ တို့နှင့်အညီ အမည်ပေးထားသော အပင်မျိုးကို ဆိုသည်။ (ဥပဒေ ပုဒ်မ ၂)

အပင်မျိုးမွေးမြူသူ (Plant Breeder) ဆိုသည်မှာ အပင်မျိုးသစ် သို့မဟုတ် အပင်မျိုး တစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်ပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အပင်မျိုးမွေးမြူသူကို တာဝန်ပေးအပ်သည့် လုပ်ငန်းပိုင်ရှင်၊ ယင်း၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ သို့မဟုတ် အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင် ဆက်လက်ဆောင်ရွက်သူ တို့လည်း ပါဝင်သည်။ (ဥပဒေ ပုဒ်မ ၂)

# ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး (Plant Breeder's Right) ဆိုသည်မှာ ကာကွယ်ခွင့် ရရှိထားသည့် အပင်မျိုးသစ်ကို အခြားသူတစ်ဦးဦးက ဤဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅ နှင့် ၂၆ တို့ပါ လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်ပါက အပင်မျိုးမွေးမြူသူမှ တောင်းဆိုနိုင်သည့် ရပိုင်ခွင့်အခွင့်အရေးကိုဆိုသည်။ (ဥပဒေ ပုဒ်မ ၂)

မျိုးပွားနိုင်သည့်အစိတ်အပိုင်း (Propagating material) ဆိုသည်မှာ အပင်မျိုးအား မျိုးပွားရန် အသုံးပြုသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုလိုခြင်းဖြစ်သည်။

ရိတ်သိမ်းထားသည့်အစိတ်အပိုင်း (Harvested material) ဆိုသည်မှာ အပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အသုံးပြုခြင်းမှ ထုတ်လုပ်ရရှိလာသည့် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုလိုခြင်းဖြစ်သည်။ (ဥပဒေ ပုဒ်မ ၂)

## ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

### ရည်ရွယ်ချက်များ

(က) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးများကို **အကာအကွယ်ပေးရန်**၊

(ခ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်း **ဖွံ့ဖြိုးတိုးတက်လာစေရန်**၊

(ဂ) အပင်မျိုးမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပ **ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်**၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာပြီး စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် **နိုင်ငံတော်၏ စီးပွားရေး** ဖွံ့ဖြိုးတိုးတက်မှုကို **အထောက်အကူ ဖြစ်စေရန်**။(ဥပဒေ ပုဒ်မ ၃)

# ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## အမိန့်ကြော်ငြာစာများ

| စဉ် | အမည် | အမျိုးအစား | အဖွဲ့ဝင်အရေအတွက် | အမိန့်အမှတ်/ရက်စွဲ |
|---|---|---|---|---|
| ၁။ | အမျိုးသားအပင်မျိုးသစ်အကာအကွယ် ပေးရေးဆိုင်ရာဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း။ | ကော်မတီ | ၁၇ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ဝန်ကြီးရုံး အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၂၁ (၂၀၂၁ခုနှစ်၊ မေလ ၁၄ ရက်) |
| ၂။ | အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း။ | ကော်မတီ | ၂၁ | အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ၊ အမိန့်ကြော်ငြာစာအမှတ် ၂၆၇/ ၂၀၂၁ (၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ရက်) |
| ၃။ | အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာဆပ်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း | ကော်မတီ | (၆ ဖွဲ့) ၃၆ | အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ၊ အမိန့်ကြော်ငြာစာအမှတ် ၀၄၆/၂၀၂၂ (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ရက်) |
| ၄။ | အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေဆိုင်ရာ အမိန့်ကြော်ငြာစာ | အမိန့်ကြော် ငြာစာ | - | အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ၊ အမိန့်ကြော်ငြာစာအမှတ် ၀၄၅/၂၀၂၂ (၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ရက်) |

# အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်ဆိုင်ရာ စီမံခန့်ခွဲမှု

## အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်ဆိုင်ရာ လုပ်ငန်းစဉ်များ



ဗဟိုကော်မတီ

နည်းပညာကော်မတီ

လျှောက်ထားသူ

ကာကွယ်ခွင့်ပြု လုပ်ငန်းစဉ်

စစ်ဆေးရေးလုပ်ငန်းစဉ်

စစ်ဆေးရေး ရလဒ်များ

လျှောက်ထားခြင်း လုပ်ငန်းစဉ်

စိုက်မွေးဆည် (MOALI)

စိုက်/သု (DAR)

မ.ဇ.က သု/ဌာနခွဲ

အပင်မျိုးသစ်ဌာနစု




To assist administrative & technical procedures for PVP implementation

PVPO is not authorized, only media/ agent for communication between NPVPC, TPVPC and applicants

- ❑ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ (NPVPC)
- ❑ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ (TPVPC)
- ❑ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
- ❑ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)
- ❑ မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့် သီးနှံကာကွယ်ရေးသုတေသနဌာနခွဲ (မ.ဇ.က ဌာနခွဲ)
- ❑ အပင်မျိုးသစ်အကာအကွယ်ပေးရေးဌာနစု

# ၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ (Stipulations to Recognize as a New Plant Variety)

(က) အသစ်ဖြစ်ခြင်း (NOVELTY)

(ခ) ထူးခြားမှုရှိခြင်း (DISTINCTNESS, D)

(ဂ) ညီညာမှုရှိခြင်း (UNIFORMITY, U)

(ဃ) တည်ငြိမ်မှုရှိခြင်း (STABILITY, S)

(င) မှန်ကန်စွာအမည်ပေးခြင်း (VARIETY DENOMINATION)

(စ) သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ လိုက်နာခြင်း (FORMALITIES)

(ဆ) အခကြေးငွေများပေးသွင်းခြင်း (PAYMENT OF FEES

( ဥပဒ ပုဒ်မ ၇ မှ ၁၃)

# ၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

(က) အသစ်ဖြစ်ခြင်း (NOVELTY)- လျှောက်ထားချိန်တွင် အပင်မျိုး၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်း သို့မဟုတ် ရိတ်သိမ်းထားသည့် အစိတ်အပိုင်းများအား

- အခြားပြည်ပနိုင်ငံများတွင် (၄) နှစ် ထက်စော၍ သော်လည်းကောင်း၊
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းတွင် (၁) နှစ် ထက်စော၍ သော်လည်းကောင်း၊
- နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက (၆)နှစ်ထက်စော၍ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ထားခြင်း မရှိရပါ။ (ဥပဒ ပုဒ်မ ၈)

# ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## (ခ) ထူးခြားမှုရှိခြင်း (DISTINCTNESS, D)

- လျှောက်ထားသော အပင်မျိုးသည် ကာကွယ်ခွင့်ရရှိရန် လျှောက်ထားသည့် အချိန်တွင် အများလက်ခံသိရှိထားသည့် အခြားမည်သည့် အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသော လက္ခဏာရပ် ရှိရမည်။ (ဥပဒ ပုဒ်မ ၉)

## (ဂ) ညီညာမှုရှိခြင်း (UNIFORMITY, U)

- အပင်မျိုးသည် မျိုးပွားဖြစ်စဉ်ကြောင့် အချို့သော လက္ခဏာရပ်များ ကွဲလွဲနိုင်သော်လည်း အဆိုပါ အပင်မျိုး၏ မူရင်းလက္ခဏာရပ်များသည် ညီညာမှုရှိရမည်။ (ဥပဒ ပုဒ်မ ၁၀)

## (ဃ) တည်ငြိမ်မှုရှိခြင်း (STABILITY, S)

- အပင်မျိုးသည် သားဆက် အဆင့်ဆင့်မျိုးပွားရာတွင် သို့မဟုတ် အထူးသဖြင့် မျိုးပွားစက်ဝန်းတစ်လျှောက်နှင့် စက်ဝန်းအသီးသီး၏ အဆုံးတွင် ယင်းအပင်မျိုးကို ကိုယ်စားပြုသည့်လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြရမည်။ (ဥပဒ ပုဒ်မ ၁၁)

# ၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

၁၂။(က) အပင်မျိုးသစ်ကို အမည်ပေးရာတွင်

(၁) ယင်းအပင်မျိုးသစ်၏ အမည်နှင့် သက်ဆိုင်ရာ မျိုးစု၊ မျိုးစိတ်၏ သိပ္ပံအမည်ကို ထည့်သွင်း ဖော်ပြရမည်။

(၂) အပင်မျိုး၏ ကိုယ်ပိုင်လက္ခဏာရပ်များ၊ အရည်အသွေးများ သို့မဟုတ် အပင်မျိုးမွေးမြူသူမှ ဖန်တီးထားသည့် လက္ခဏာရပ်များကို အသိအမြင် လွဲမှားစေခြင်းနှင့် ရှုပ်ထွေးမှုဖြစ်စေသော အမည်မပေးရ။ မျိုးစိတ်တူ သို့မဟုတ် နီးစပ်သော မျိုးစိတ်များ၏ ရှိပြီး မျိုးအမည်များနှင့် ကွဲပြားခြားနားစွာပေးရမည်။

(၃) ကိန်းဂဏန်း တစ်မျိုးတည်းသာဖော်ပြထားသည့် အမည်ပေးခြင်းမပြုရ။

(၄) ရပိုင်ခွင့် အခွင့်အရေး ကုန်ဆုံးပြီးသော်လည်း လွတ်လပ်စွာ အသုံးပြုနေသည့် အပင်မျိုး၏ အမည်ကို အဟန့်အတားဖြစ်စေသည့် အမည်ပေးခြင်းမပြုရ။

(၅) အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်အကာအကွယ်ပေးရေးအဖွဲ့ဝင်နိုင်ငံများအားလုံးတွင် ကျင့်သုံးသည့် တူညီသော အမည်ပေးခြင်းဖြစ်ရမည်။ (ဥပဒေပုဒ်မ ၁၂)

# ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## အခကြေးငွေများပေးသွင်းခြင်း (PAYMENT OF FEES)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ
**အမိန့်ကြော်ငြာစာအမှတ် ၀၇ / ၂၀၂၂**
၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

၁။ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီသည် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၆ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ထားသော အခကြေးငွေများကို သိရှိလိုက်နာနိုင်ရန် **"အပင်မျိုးသစ်ကို ကာကွယ်ခွင့် ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေဆိုင်ရာ အမိန့်ကြော်ငြာစာ"** ကို ပြင်ဆင် ထုတ်ပြန်လိုက်သည်-

(က) အပင်မျိုးသစ်ကို ကာကွယ်ခွင့် ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ရရှိရန် လျှောက်ထားခြင်း၊ သီးနှံအမျိုးအစားအလိုက် အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးခြင်းတို့နှင့် သက်ဆိုင်သည့် အခကြေးငွေများကို ပူးတွဲပုံစံ(၁) ပါ အတိုင်း ပေးဆောင်ရမည်။

(ခ) အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိပြီးနောက် ဆက်လက်ထိန်းသိမ်းရန် ပေးဆောင်ရမည့် အခကြေးငွေများအား ပူးတွဲပုံစံ(၃) ပါ သီးနှံအမျိုးအစားကို မူတည်၍ ပုံစံ(၂) ပါအတိုင်း ပေးဆောင်ရမည်။

၂။ အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ၏(၂၈-၆-၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၆/၂၀၁၉ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ

စာအမှတ် ၊ စသ/PVP/၂၀၂၁-၂၀၂၂/ ၃၀၂
ရက်စွဲ ၊ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ( ၂၈ )ရက်

ဖြန့်ဝေခြင်း
ပြည်ထဲရေးဝန်ကြီးဌာန
စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပုံစံ ( ၁ )

**အပင်မျိုးသစ်ကို ကာကွယ်ခွင့် ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ရရှိရန် လျှောက်ထားခြင်းနှင့် သီးနှံအမျိုးအစားအလိုက် အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးခြင်းများ ဆောင်ရွက်ရန်အတွက် ပေးဆောင်ရမည့် အခကြေးငွေများ**

| စဉ် | အကြောင်းအရာ | သင့်ငွေ (ကျပ်) |
|---|---|---|
| ၁။ | လျှောက်ထားစဉ်ပေးသွင်းရမည့်ပမာဏ Application fee | ၁၅၀၀၀၀ |
| ၂။ | အပင်မျိုးသစ် ဟုတ် မဟုတ် စစ်ဆေးခ (Examination fee)<br>- စာရွက်စာတမ်းကြေး(Documentation)<br>- ထူးခြားမှု၊ ညီညာမှုနှင့် တည်ငြိမ်မှု ရှိ မရှိ စစ်ဆေးခြင်း (DUS testing) | ၉၀၀၀၀၀-၁၂၀၀၀၀၀ |
| ၃။ | ဦးစားပေးတောင်းဆိုရာတွင် လျှောက်ထားစဉ် ပေးသွင်းရမည့် ပမာဏ(Application fee for priority claiming) | ၃၀၀၀၀ |
| ၄။ | အများပြည်သူသိရှိရန်အတွက် ထုတ်ပြန်ကြေညာရာတွင် ပေးဆောင်ရမည့် အခကြေးငွေ (Fee for publication of the application and related information) | ၁၅၀၀၀၀ |
| ၅။ | အကြောင်းတစ်စုံတစ်ရာကြောင့် စမ်းသပ်ကွက် ပြန်လည်ဆောင်ရွက်ရန် တောင်းဆိုခြင်းအတွက် ပေးသွင်းရမည့် ပမာဏ (Fee for requesting a retest for any reason) | ၄၅၀၀၀၀-၆၀၀၀၀၀ |

# ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## အခကြေးငွေများပေးသွင်းခြင်း (PAYMENT OF FEES)

ပုံစံ ( ၂)

အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ် ရရှိပြီးနောက် ဆက်လက်ထိန်းသိမ်းရန် ပေးဆောင်ရမည့် အခကြေးငွေများ

| အသိအမှတ်ပြုလက်မှတ်ရရှိပြီး နောက်နှစ်များ | နှစ်စဉ်ကြေး (ကျပ်) | | |
|---|---|---|---|
| | အုပ်စု (၁) | အုပ်စု (၂) | အုပ်စု (၃) |
| (၂) နှစ်မှ (၅) နှစ် | ၂၂၅၀၀၀ | ၁၀၅၀၀၀ | ၁၀၅၀၀၀ |
| (၆) နှစ်မှ (၁၀) နှစ် | ၃၀၀၀၀၀ | ၁၅၀၀၀၀ | ၁၅၀၀၀၀ |
| (၁၁) နှစ်မှ (၁၅) နှစ် | ၄၅၀၀၀၀ | ၁၈၀၀၀၀ | ၁၈၀၀၀၀ |
| (၁၆) နှစ်မှ (၂၀) နှစ် | ၆၀၀၀၀၀ | ၃၀၀၀၀၀ | ၃၀၀၀၀၀ |
| (၂၁) နှစ်မှ (၂၅) နှစ် | ၇၅၀၀၀၀ | ၄၅၀၀၀၀ | ၄၅၀၀၀၀ |

ပုံစံ(၃)

**နှစ်စဉ်ကြေး ပေးဆောင်ရန်အတွက် အုပ်စုအလိုက် ပါဝင်သည့် သီးနှံများ**

| အုပ်စု (၁)<br>ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်အုပ်စု | အုပ်စု (၂)<br>နှံစား၊ ဆီထွက်၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံအုပ်စု | အုပ်စု (၂)<br>နှံစား၊ ဆီထွက်၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံအုပ်စု |
|---|---|---|
| ဥပမာ -<br>ခါကျက်ဥ၊မုန်လာဥ၊မုန်ညှင်းမုန်လာထုပ်၊မုန်ညှင်းရွက်၊ရော်ခရမ်းချဉ်၊ခရမ်းသီး၊အာလူး၊ဘူး၊ ရွှေဖရုံ၊သခွား၊ဖရဲသခွားမွှေး၊ကြက်ဟင်းခါး၊ရုံးပတီ၊ပဲတိုင်ထောင်၊မာလကာ၊သစ်တော်၊ကီဝီ၊နှင်းဆီ၊ဂန္ဓမာ၊လီလီနှင်းပန်း၊သစ်ခွ၊ကျူးလစ်၊ကာနေးရှင်း၊ ဆလပ် | ဥပမာ -<br>စပါး၊ပြောင်း၊ဂျုံ၊မြင်းစားဂျုံ၊မုယောစပါး၊လူး၊ဆတ်၊ပဲတီစိမ်း၊မတ်ပဲ၊ကုလားပဲ၊ပဲပုပ်၊ပဲလွမ်း၊ဟင်းသီးဟင်းရွက်ပဲပုတ်၊စားတော်ပဲ၊မြေပဲ၊နှမ်း၊နေကြာ၊ဆီမုံညှင်း၊ပန်းနှမ်း၊ကြံ၊ ဝါ၊ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်၊ပီလောပီနံ၊ | ဥပမာ -<br>နဂါးမောက်၊သရက်၊စပျစ်၊ ဆီအုန်း၊ရာဘာ၊ကော်ဖီ၊လက်ဖက်၊ကြယ်ပဲ၊ဒူးရင်း၊ကျွဲကော၊မြက်မျိုးရင်းဝင်များ၊ |

## ၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

### အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း (Application for the Right of a New Plant Variety Protection)

### အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးကို လျှောက်ထားနိုင်သည့် ပုဂ္ဂိုလ်များ

(က) နိုင်ငံသားများ၊

(ခ) တည်ဆဲဥပဒေအရ မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ယင်းတို့၏ အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ်အကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံနှင့် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ ယင်းတို့၏ နိုင်ငံသားများ၊ အဆိုပါ နိုင်ငံများတွင် တရားဝင်နေထိုင်ခွင့် ရရှိထားသော နိုင်ငံခြားသားများနှင့် အဖွဲ့အစည်းများ။ (ဥပဒေ ပုဒ်မ ၁၄)

### လျှောက်ထားနိုင်သည့် အပင်များ

- အပင်မျိုးမွေးမြူသူသည် **အပင်မျိုးစုနှင့် မျိုးစိတ်များ အားလုံးအတွက်** အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးကို ဤဥပဒေနှင့်အညီ လျှောက်ထားနိုင်သည်။ (ဥပဒေ ပုဒ်မ ၁၆)

# ၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## အပင်မျိုးသစ်အား ကာကွယ်ခွင့်ရရှိရန် လျှောက်ထားပုံအဆင့်ဆင့်

1. အပင်မျိုးသစ်အား ကာကွယ်ခွင့်လျှောက်ထားခြင်း → အပင်မျိုးသစ်အကာအကွယ်ပေးရေးဌာနစု မှတဆင့် NPVPC
2. အပင်မျိုးသစ်လျှောက်ထားခြင်းကို အများပြည်သူသိရှိရန်ကြေညာခြင်း
3. အပင်မျိုးသစ် ဟုတ်/မဟုတ် စစ်ဆေးခြင်း → အပင်မျိုးသစ်စစ်ဆေးရေးပညာရှင်များ
4. အပင်မျိုးသစ်အားထူးခြားမှုညီညာမှု၊ တည်ငြိမ်မှု ရှိ/မရှိစစ်ဆေးတွေ့ရှိခြင်း → PVPO, TPVP Sub-C, TPVPC, NPVPC
5. စစ်ဆေးတွေ့ရှိသည့်အဖြေကို အများပြည်သူသိရှိရန်ကြေညာခြင်း
6. NPVPC မှ ကာကွယ်ခွင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း

မျိုးအသစ်နှင့် အမည်ပေးခြင်းတို့ကိုစစ်ဆေးခြင်း

http://www.dar.gov.mm & www.myanmarseedportal.gov.mm
အစိုးရနေ့စဉ်ထုတ်သတင်းစာ

- စိုက်ပျိုးစစ်ဆေးခြင်း
- အပင်မျိုးမွေးမြူသူ၏စိုက်ကွင်းသို့ သွားရောက်စစ်ဆေးခြင်း
- မှတ်တမ်းမှတ်ရာများအရ စစ်ဆေးခြင်း
- စစ်ဆေးထားသည့်အဖြေများကို ဝယ်ယူခြင်း

မျိုးအသစ်နှင့် အမည်ပေးခြင်းတို့ကိုစစ်ဆေးခြင်း

ဆက်သွယ်ရန်လိပ်စာ
Email: pvpsection.dar@gmail.com
ရုံးဖုန်း: +95 67 3416531 ext: 358
ဖုန်း (mobile): +95 9 967296459



# ၇။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## ယာယီကာကွယ်ခွင့် (Provisional Protection)

- အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်အဖြစ် ကာကွယ်ခွင့် လျှောက်ထားကြောင်းကို ဗဟိုကော်မတီက အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာသည့်နေ့နှင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ပေးအပ်သည့် ကာလအတွင်း အပင်မျိုးမွေးမြူသူသည် ယာယီကာကွယ်ခွင့် ရရှိပါသည်။
- အပင်မျိုးမွေးမြူသူသည် ယာယီကာကွယ်ခွင့် ကာလအတွင်း အဆိုပါအပင်မျိုးသစ်နှင့် စပ်လျဉ်း၍ လိုင်စင်သဘောတူညီမှုများ ဆောင်ရွက်ခြင်းနှင့် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်းများကို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးရရှိသကဲ့သို့ ဆောင်ရွက်နိုင်သည်။
- ယာယီကာကွယ်ခွင့် ရရှိထားသူသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး မရရှိခဲ့ပါက အထက်ဖော်ပြပါ ရပိုင်ခွင့်များကို ဆက်လက် ခံစားခွင့် မရှိပါ။ ( ဥပဒ ပုဒ်မ ၂၂)

# ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## လျှောက်ထားပြီးအပင်မျိုးသစ်များ - ၄၉ မျိုး


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ
ရက်စွဲ - [illegible]
အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏
ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်
အသိအမှတ်ပြုလက်မှတ် အမှတ်စဉ် - ၁
အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ (၂၀၁၉) အရ အပင်မျိုးသစ်ကို
ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးအား
(ပဲမျိုးစုံသီးနှံသုတေသနဌာနခွဲ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မြန်မာနိုင်ငံ)
မတ်ပဲသီးနှံ၊ မတ်ပဲရေဆင်း - ၇ မျိုးအား
ကာကွယ်ခွင့် (၂၀) နှစ်ကို
( [illegible] ) ရက်နေ့မှစတင်၍ ပေးအပ်လိုက်သည်။
ဥက္ကဋ္ဌ
အမျိုးသားအပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာဗဟိုကော်မတီ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန



၁။ မတ်ပဲရေဆင်း-၇ (မတ်ပဲသီးနှံ)
၂။ ကေရီ-၁၁၁(နမ်ဂျမ်း) တိုင်ထောင်ပဲသီးနှံ
၃။ ဂိုဆူးလ်(စတော်ဘယ်ရီသီးနှံ)
၄။ မူပဟ(စတော်ဘယ်ရီသီးနှံ)
၅။ တဲ့ရှန်း-၈ (စပါးသီးနှံ)
၆။ တဲ့ရှန်း-၁၂(စပါးသီးနှံ)
၇။ တဲ့ရှန်း-၁၆(စပါးသီးနှံ)
၈။ မယ်ရီကွင်း(စတော်ဘယ်ရီသီးနှံ)
၉။ ရေဆင်းပေါ်ဆန်း-၂ (စပါးသီးနှံ)
၁၀။ ရေဆင်းပေါ်ဆန်း-၃ (စပါးသီးနှံ)
၁၁။ ရေဆင်းအင်းမ-၂ (စပါးသီးနှံ)
၁၂။ GW 18 (စပါးသီးနှံ)

ဥပဒေပုဒ်မ - ၁၈ (ခ)အရ
စစ်ဆေးသည့်နည်းလမ်း
(၄) မျိုး

Official growing test

Document test

Breeder field test

Purchase the test report

## ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

### အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကာကွယ်ခွင့်ကာလ (Protection Period of a Plant Breeder's Right)

- ကာကွယ်ခွင့် ရရှိသည့်နေ့မှစတင်၍
  - နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များ ဖြစ်ပါက (၂၅) နှစ်၊
  - အခြားအပင်မျိုးသစ်များ ဖြစ်ပါက (၂၀) နှစ် ဖြစ်သည်။

( ဥပဒ ပုဒ်မ ၃၂)

# ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည့် အခြေအနေများ

(၁) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊

(၂) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊

(၃) ရောင်းချရန် ကမ်းလှမ်းခြင်း၊

(၄) ရောင်းချခြင်း သို့မဟုတ် စျေးကွက်သို့တင်ပို့ရောင်းချခြင်း၊

(၅) ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊

(၆) ပြည်ပမှ တင်သွင်းခြင်း၊

(၇) (၁) မှ (၆) အထိ လုပ်ငန်းများဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။ (ဥပဒေ ပုဒ်မ ၂၃)





## ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

### အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် မရရှိနိုင်မည့် အခြေအနေများ

(၁) စီးပွားဖြစ်ထုတ်လုပ်ရန် မဟုတ်ဘဲ **တစ်ပိုင်တစ်နိုင် စိုက်ပျိုး ထုတ်လုပ်ခြင်း**၊

(၂) **သုတေသနလုပ်ငန်း**အတွက်ဆောင်ရွက်ခြင်း၊

(၃) ကနဦးမျိုး၏ သို့မဟုတ် ကနဦးမျိုးမှ **တဆင့်ခံ ထုတ်လုပ်ထားသောမျိုး** (Essentially Derived Varieties) မျိုးများထုတ်လုပ်ခြင်း**မှလွဲ၍** အခြားမျိုးများ **မွေးမြူထုတ်လုပ်ရေး**အတွက် အသုံးပြုခြင်း။ (ဥပဒေ ပုဒ်မ ၂၇)

**စီးပွားဖြစ်ထုတ်လုပ်ရန်မဟုတ်ဘဲ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ခြင်း** ဆိုသည်မှာ ကာကွယ်ခွင့်ယူထားသည့် လယ်ယာသီးနှံအမျိုးအစား အပင်မျိုးသစ်ကို (၅)ကေနှင့်အောက် စိုက်ပျိုး၍ ရရှိလာသည့် မျိုးစေ့များအား (၅)ကေနှင့်အောက်သာ ထပ်မံစိုက်ပျိုးရန် အသုံးပြုခြင်းနှင့် ထုတ်ကုန်များကို အမှန်တကယ် မိသားစုစားသုံးရန်အတွက် အသုံးပြုခြင်းတို့ကို ဗဟိုကော်မတီမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များပါ သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်ခြင်းကို ဆိုသည်။

(လုပ်ထုံးလုပ်နည်း အပိုဒ် ၂-ဆ)

# ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

## အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ကင်းလွတ်ခွင့်ပြုရမဲ့ အခြေအနေများ

ဥပမာ- **သဘာဝဘေးအန္တရာယ်များနှင့် ကပ်ဘေးကျရောက်ခြင်းများ**

(က) သဘာဝဘေးအန္တရာယ်ကျရောက် **ပျက်စီးဆုံးရှုံးမှု အခြေအနေ၊**

(ခ) အဆိုပါ သဘာဝဘေးအန္တရာယ် ကျရောက်သောကြောင့် အပင်မျိုးသစ်ကို **အသုံးပြုသူ၏ ထိခိုက်နစ်နာမှု အခြေအနေ**နှင့်

(ဂ) အပင်မျိုးမွေးမြူသူ၏ ရင်းနှီးမြှုပ်နှံထားရှိမှုအရ **ခွင့်ပြုပေးနိုင်သည့် အတိုင်းအတာပမာဏ**တို့ကို အခြေခံ၍ ဗဟိုကော်မတီအနေဖြင့် သင့်**တင့်မျှတသည့် အခွင့်အရေး**ကို ဆုံးဖြတ်ပေးရမည်။

(လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၃)







## ၅။ အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ

# ပြစ်မှုနှင့် ပြစ်ဒဏ်များ (Offences and Penalties)

- မည်သူမဆို ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည့် အခြေအနေများကို ဆောင်ရွက်ရာတွင် ခွင့်ပြုချက်မရှိဘဲ ကိစ္စတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက
- ထိုသူကို အနည်းဆုံး (ခြောက်လ)မှ အများဆုံး (သုံးနှစ်) အထိ ထောင်ဒဏ်ဖြစ်စေ၊
- ငွေဒဏ် အနည်းဆုံး (ကျပ်တစ်ဆယ်သိန်း)မှ အများဆုံး (ကျပ်သိန်းငါးဆယ်)အထိ ဖြစ်စေ၊
- ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ (ဥပဒေ ပုဒ်မ ၃၈)

# ၆။ PVP Law နှင့် ဆက်စပ်ဥပဒေများ

## စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ




**စိုက်မွေးဆည်ဝန်ကြီးဌာန**

**Source**: Myanmar Seed Portal Website & MLIS website

| | | | |
|---|---|---|---|
| အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (၁၉၉၃ နှင့် အသစ်ပြဋ္ဌာန်း-၂၀၁၈) | မျိုးစေ့ဥပဒေ (၂၀၁၁ နှင့် ပြင်ဆင်-၂၀၁၅) | တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (၂၀၁၃ နှင့် ပြင်ဆင်- ၂၀၁၄၊ ၂၀၁၈) | အပင်မျိုးသစ်အကာအကွယ်ပေး ရေးဥပဒေ (၂၀၁၆ နှင့် အသစ်ပြဋ္ဌာန်း- ၂၀၁၉) |
| မြေဩဇာဥပဒေ (၂၀၀၂ နှင့် ပြင်ဆင်-၂၀၁၅) | မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၆) | | အပင်မျိုးသစ်အကာအကွယ်ပေး ရေး ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၂၁) |
| ပိုးသတ်ဆေးဥပဒေ (၂၀၁၆) | မျိုးစေ့ဆိုင်ရာအမျိုးသားမူဝါဒ (၂၀၁၆) | | |
| စိုက်ပျိုးရေးဦးစီးဌာန (Focal) | စိုက်ပျိုးရေးဦးစီးဌာန (Focal) | စိုက်ပျိုးရေးဦးစီးဌာန (Focal) | စိုက်/သုဦးစီးဌာန (Focal) |

# မျိုးစေ့ဥပဒေဘာကြောင့်လိုအပ်သလဲ?

- မျိုးစေ့နှင့်စပ်လျဉ်း၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မျိုးစေ့ဝယ်ယူသုံးစွဲသူ တောင်သူလယ်သမားများ၏ အခွင့်အရေးကို အကာအကွယ်ပေးရန်၊

  to protect  consumers and farmers opportunities if any problem is appeared about seeds

- မျိုးစေ့အတုများမှ ကာကွယ်ပေးရန်၊

  to protect the fake seeds or copy seeds.

- မျိုးစေ့ထုတ်ပိုးမှုနှင့် အညွှန်းကတ်ပြားများကို မှန်ကန်မှု ရှိ မရှိ စောင့်ကြည့်စစ်ဆေးရန်၊

  to monitor and use of truth labeling on seed packages

- မျိုးစေ့အဆင့်အလိုက် အရည်အသွေးကောင်းမျိုးစေ့များထုတ်လုပ်ရန်နှင့် မျိုးစေ့အဆင့်မှန်ကန်မှုရှိစေရန်၊

  provide the right seed quality and standard according to the seed class

- နယ်စပ်ဒေသများတွင် တရားမဝင်မျိုးစေ့တင်သွင်းခြင်းကို ထိန်းချုပ်ဆောင်ရွက်နိုင်ရန်၊

  to control the illegal seed importation in border area

## ၆။ PVP Law နှင့် ဆက်စပ်ဥပဒေများ

### မျိုးစေ့ဥပဒေ၏ ရည်ရွယ်ချက်

- မျိုးသန့်မျိုးစေ့ကို အသုံးပြု၍ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ **ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်**
- **မျိုးစေ့လုပ်ငန်းကို** စီးပွားဖြစ်လုပ်ကိုင်နိုင်ရန်နှင့် ယင်းလုပ်ငန်းကို **စနစ်တကျ ဆောင်ရွက်နိုင်ရန်**
- အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကများက **မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့သုတေသနပြုလုပ်** ခြင်းတို့တွင် **ပါဝင်ဆောင်ရွက်နိုင်ရေးကို အားပေးရန်**
- မျိုးစေ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ **အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ ပူးပေါင်းဆောင်ရွက်နိုင်ရန်**

## ၆။ PVP Law နှင့် ဆက်စပ်ဥပဒေများ

# မျိုးစေ့ဥပဒေတွင်ပါဝင်သည့် အဓိက ကဏ္ဍများ

(က) မျိုးသစ်အသိအမှတ်ပြုလက်မှတ်

(ခ) မျိုးစေ့အရည်အသွေးစစ်ဆေးခန်း မှတ်ပုံတင်လက်မှတ်

(ဂ) မျိုးစေ့လုပ်ငန်းလိုင်စင်

- ➢ မျိုးစေ့တင်သွင်း၊ တင်ပို့ထောက်ခံချက်ပေးခြင်း။





# မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန်

- အခန်း ၅၊ ပုဒ်မ ၁၀(က)
- အပင်မျိုးသစ်ကို အပင်မျိုးနှင့်သင့်လျော်ပြီး ရာသီဥတုကွဲပြားခြားနားသော ဒေသ(၃)ခု၌ အနည်းဆုံး တစ်ရာသီ စမ်းသပ်စိုက်ပျိုး၍ အောက်ပါ အချက်များပေါ်တွင် အခြေခံပြီး အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သင့်မသင့် စိစစ်ရမည်-

ပြည်တွင်း၌ စိုက်ပျိုးပါက ကောင်းမွန်စွာဖြစ်ထွန်းနိုင်ခြင်း ရှိ မရှိ၊

စမ်းသပ်စိုက်ပျိုးသော အပင်မျိုးသစ်သည် လက်ရှိအပင်မျိုးထက် သာလွန်ကောင်းမွန်သော အချက်များ ရှိ မရှိ နှင့် ထူးခြားသည့် အရည်အသွေး ရှိ မရှိ၊

အပင်မျိုးသစ်သည် သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိ။

# Differences between DUS test & VCU test

| | DUS test PVP Law | VCU test Seed Law |
|---|---|---|
| | Distinct, Uniform & Stable | Value for Cultivation and Use |
| Testing duration | Two independent growing seasons (Eg. rice) | One growing season in three places (Eg. rice) |
| Objectives | For granting for Plant Variety Protection right (PBRs)<br>Tested for DUS<br>Distinctness<br>Uniformity<br>Stability<br>Novelty<br>Suitable Denomination | - For National Listing which is necessary for commercialization of seed<br>- Differences of productivity, biological characteristics, quality of the obtained produce, chemical and technological characteristics from the standard variety, resistance to pests and diseases, as well as other commercially important characteristics<br>- Growing suitability under agro-climatic conditions. |
| Object plants | all plants | mainly agricultural crops (priority crops) |
| Testing scale | small scale | small to big scale |
| Testing place | as a general at one place | under various agro-climatic conditions |

**In Vietnam – DUS & VCU are tested at the same time**

9J

# ၆။ PVP Law နှင့် ဆက်စပ်ဥပဒေများ

## PVP Law နှင့် Seed Law တို့၏ ကွာခြားချက်များ

| PVP Law | Seed Law |
|---|---|
| ➢ အပင်မျိုးမွေးမြူသူမှ ဖန်တီးလိုက်သော မျိုးသစ်အား အကာအကွယ်ပေးရန်အတွက် အပင်မျိုးမွေးမြူသူအား ရပိုင်ခွင့်ကို ကာကွယ်နိုင်သည့် အခွင့်အရေးပေးအပ်ခြင်း။ | ➢ စိုက်ပျိုးနိုင်သည့် မျိုးစေ့နှင့် အပင်၏ အစိတ်အပိုင်းများကို မျိုးစေ့မျိုးမှန်အဖြစ် ဖြန့်ဖြူးနိုင်ရန် ထိန်းချုပ်ကာကွယ်ပေးခြင်း။ |
| ➢ PVP Law ကောင်းမွန်စွာ လည်ပတ်နိုင်ရန်အတွက် သီးနှံစစ်ဆေးသူနှင့် စစ်ဆေးရမည့် DUS Station ရှိရမည်။ | ➢ Seed Law ကောင်းမွန်စွာ လည်ပတ်နိုင်ရန် Seed Inspector နှင့် Seed Lab များ ရှိရမည်။ |
| ➢ အပင်မျိုးသစ်ကာကွယ်ခွင့် လက်မှတ် ရရှိထားသော မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ရမှသာလျှင် ၄င်းမျိုးသစ်အား တင်သွင်းခွင့်/တင်ပို့ခွင့်/ မျိုးပွားခွင့်/ သိုလှောင်သိမ်းဆည်းခွင့်များ ရရှိမည်ဖြစ်သည်။ | ➢ အသိအမှတ်ပြုလက်မှတ်ရရှိမှသာ စီးပွားဖြစ်မျိုးစေ့ ဖြန့်ဖြူးသည့် လုပ်ငန်းလုပ်ကိုင်နိုင်မည်ဖြစ်သည်။ |

## ၆။ PVP Law နှင့် ဆက်စပ်ဥပဒေများ

# မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများ

- ❑ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ (Trademark Law) (ဒေသဆိုင်ရာအညွှန်း, GI)
- ❑ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ (Industrial Design Law)
- ❑ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ (Copyright Law)
- ❑ တီထွင်မှု မူပိုင်ခွင့်ဥပဒေ (Patent Law)

မူပိုင်ခွင့် (Intellectual Property Rights) ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့်အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့်အမျိုးအစားများလည်းပါဝင်သည်။

# ၆။ PVP Law နှင့် ဆက်စပ်ဥပဒေများ

## မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများ

**မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ**

**စီးပွားကူးသန်းဝန်ကြီးဌာန**

- **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ**
  ပြဋ္ဌာန်း-၂၀၁၉
  (အသက်ဝင်- ၃၁-၁၀-၂၀၂၃)
- **ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ**
  ပြဋ္ဌာန်း-၂၀၁၉
  (အသက်ဝင်- ၁-၄-၂၀၂၃)
  - **ဒေသဆိုင်ရာအညွှန်း (GIs)**
    ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ
    အခန်း (၁၆)
- **တီထွင်မှု မူပိုင်ခွင့်ဥပဒေ**
  ပြဋ္ဌာန်း-၂၀၁၉
  (အသက်ဝင်- ၃၁-၅-၂၀၂၄)
- **စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ**
  ပြဋ္ဌာန်း-၂၀၁၉
  (အသက်ဝင်- ၃၁-၁၀-၂၀၂၃)

**မူပိုင်ခွင့် ဦးစီးဌာန (IPD) (Focal)**



**Source:** Department of Intellectual Property (IPD) Website (https://ipd.gov.mm)

# မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (IP Central Committee)

(၂၅-၁-၂၀၂၄) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၄)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

| | |
|---|---|
| ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| အခြားဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် ပြင်ပပညာရှင်များ (၂၇ ဦး) | အဖွဲ့ဝင် |
| ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |
| စုစုပေါင်း | (၃၃) ဦး |

**Source**: https://ipd.gov.mm/about-us/ip-central-committee

## ၆။ PVP Law နှင့် ဆက်စပ်ဥပဒေများ

# မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (IP Central Committee)

"စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီ ကောင်းမွန်သော မူပိုင်ခွင့်စနစ်တစ်ရပ် တည်ထောင်ရန်" ဟူသည့် မျှော်မှန်းချက်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာ မဟာဗျူဟာများ (၂၀၂၃-၂၀၂၈)တွင် မဟာဗျူဟာ (၆)ခု

(၁)မူပိုင်ခွင့်အကာအကွယ်ပေးခြင်းစနစ် တည်ထောင်ခြင်းတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ခိုင်မာစေခြင်း၊

(၂) မူပိုင်ခွင့်အသုံးပြုခြင်းအား အားပေးမြှင့်တင်ခြင်းဖြင့် မူပိုင်ခွင့် အကာအကွယ်ပေးသည့် စနစ်ခိုင်မာစေခြင်း၊

(၃)မူပိုင်ခွင့်အကာအကွယ်ပေးခြင်းဖြင့် တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများ မြှင့်တင်တိုးတက်လာစေခြင်း၊

(၄)လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ခြင်းနှင့် မူပိုင်ခွင့်ဆိုင်ရာအသိပညာ ဗဟုသုတများ ပြန့်ပွားစေခြင်း၊

(၅) ဒေသတွင်းနှင့် နိုင်ငံတကာမူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေခြင်း၊

(၆) မူပိုင်ခွင့် ချိုးဖောက်မှုများအား တားဆီးကာကွယ်နိုင်စေခြင်း။

## ၆။ PVP Law နှင့် ဆက်စပ်ဥပဒေများ

# မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (IP Central Committee)

လုပ်ငန်းစဉ် ၁.၁၁။ ပြဋ္ဌာန်းထားသော မူပိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများလေ့လာဆန်းစစ်ရန်နှင့် လိုအပ်ပါက ပြင်ဆင်နိုင်ရေးဆောင်ရွက်ရန် (စိုက်/မွေး/ဆည်ဝန်ကြီးဌာန)

လုပ်ငန်းစဉ် ၂.၅။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မူပိုင်ခွင့် အသုံးပြုမှု မြှင့်တင်ပေးရန် (စိုက်/မွေး/ဆည်ဝန်ကြီးဌာန- စိုက်/သုဦးစီးဌာန (DAR))

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ

- **ဒေသဆိုင်ရာအညွှန်း (GI)-**
  - "မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများ ပါရှိသည့် ကုန်ပစ္စည်း ထွက်ရှိရာနိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ **မူလထွက်ရှိသော ကုန်ပစ္စည်း ဖြစ်ကြောင်း ညွှန်းပြချက် တစ်ခုခုကိုဆိုသည်**" ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ

## မူရင်းထွက်ရှိရာ ဒေသအမည်နှင့်တွဲပြီး နာမည်ကျော် ကုန်ပစ္စည်းများ

- မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ပြီး သဘာဝထွက်ကုန် သယံဇာတများလည်းများစွာရှိသည့်အပြင် လက်ရာမြောက်သော ဒေသထွက်ကုန်များနှင့် မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ လက်မှုပစ္စည်းများလည်း များစွာရှိပါသည်။ အရည်အသွေးမြင့်မားး၍ မူရင်း ထွက်ရှိရာ ဒေသအမည်နှင့် တွဲပြီးနာမည်ကျော် လူကြိုက်များနေသော ကုန်ပစ္စည်းမြောက်များစွာရှိပါသည်။
    - ဥပမာ - ရွှေဘိုပေါ်ဆန်း၊ ပုသိမ်ပေါ်ဆန်း၊ ကျောက်ဆည် စိန်တလုံးသရက်သီး၊ ရှာင်ကော်ဖီ၊ ပုဂံယွန်းထည်၊ ပုသိမ်ထီး၊ မိုးကုတ်လွှက်၊ ပျဉ်းမနားမျှစ်ချဉ် စသောကုန်ပစ္စည်း များစွာ ရှိပါသည်။

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ

## ဒေသဆိုင်ရာအညွှန်း(GI) ရရှိလိုသော အဖွဲ့အစည်းများမှ လိုက်နာ ဆောင်ရွက်ရမည့် အချက်များ

(၁) GI ရရှိရေးဆောင်ရွက်မည့် တရားဝင်အဖွဲ့အစည်းဖွဲ့စည်းထားရှိခြင်း၊ **(Organization)**

(၂) အသင်းအဖွဲ့အလိုက်  လေ့လာမှုများ ပြုလုပ်ခြင်း၊ **(Study)**


(၃) GI ကုန်ပစ္စည်း အဖြစ်ထုတ်လုပ်မှုအတွက် လိုက်နာရမည့် အသေးစိတ်အချက်အလက်များကို  မူကြမ်းရေးဆွဲခြင်း၊ **(Specifications)**

(၄) မူပိုင်ခွင့်ရုံးတွင် တရားဝင်မှတ်ပုံတင်ခွင့် ရရှိရန် ဆောင်ရွက်ခြင်း၊ **(Registration)**

(၅) ဒေသဆိုင်ရာညွှန်း (GI) စီမံကြီးကြပ်မည့် စနစ်အလိုက် အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း၊ **(Control Systems: Self, internal, external)**

(၆) အသင်းအဖွဲ့မှ ကုန်ပစ္စည်းဈေးကွက်တင်ခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများ ဆောင်ရွက်ခြင်း၊ **(Marketing and Promotion)**

# သီးနှံမျိုးစေ့နှင့်ဆက်စပ်ဥပဒေများအကြောင်းသိကောင်းစရာ စကားဝိုင်း








https://vt.tiktok.com/ZS23Vm1wv/ အပိုင်း (၁)
https://vt.tiktok.com/ZS23VbrQC/ အပိုင်း (၂)

http://www.myanmarseedportal.gov.mm/mm



“မြန်မာနိုင်ငံ၏ အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ်
Plant Variety Protection System (PVP System)
ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်ဖို့
ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့”







https://www.wallstreetmojo.com/public-private-partnership/




# ကျေးဇူးတင်ပါသည်။


အပင်မျိုးသစ်အကာအကွယ်ပေးရေးဌာနစု
မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့် သီးနှံကာကွယ်ရေးသုတေသနဌာနခွဲ
Email-pvpsection.dar@gmail.com
Ph- 09 967296459

ဒေါ်ခင်စန္ဒာချို (တာဝန်ခံ)
Email-khinsandarcho1986@gmail.com
Ph- 09 884618807



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
The Republic of the Union of Myanmar
အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ
လုပ်ထုံးလုပ်နည်းများ
The Procedures relating to the New Plant Variety
Protection Law
၂၀၂၁ ခုနှစ်


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
The Republic of the Union of Myanmar
အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ
New Plant Variety Protection Law
၂၀၁၉ ခုနှစ်